ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် ၁၈ / ၂၀၂၆**

၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလဆန်း ၄ ရက်

(၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၈ ရက်)

# လူငယ်၊ အမျိုးသမီး၊ ကလေးသူငယ်နှင့် သက်ကြီးရွယ်အိုအခွင့်အရေးဆိုင်ရာ ကော်မတီဖွဲ့စည်းခြင်း

## ဖွဲ့စည်းခြင်း

၁။ အမျိုးသားလွှတ်တော်သည် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇၊ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၆၊ ၁၀၇ နှင့် အမျိုးသားလွှတ်တော် အစည်းအဝေးဆုံးဖြတ်ချက်တို့အရ လူငယ်၊ အမျိုးသမီး၊ ကလေးသူငယ်နှင့် သက်ကြီးရွယ်အို အခွင့်အရေးဆိုင်ရာကော်မတီဖွဲ့စည်းခြင်းကို အောက်ပါ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၁၅) ဦးဖြင့် ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဒေါ်သိင်္ဂီဝင်းရွှေ | စစ်ကိုင်းတိုင်းဒေသကြီး<br>အမျိုးသားလွှတ်တော်<br>ကိုယ်စားလှယ်အမှတ် (၉) | **ဥက္ကဋ္ဌ** |
| (ခ) | နန်းဝိုးစိန် | ရှမ်းပြည်နယ်<br>အမျိုးသားလွှတ်တော်<br>ကိုယ်စားလှယ်အမှတ် (၁၂) | အဖွဲ့ဝင် |
| (ဂ) | ဦးဇုန်းလုတ် | ကချင်ပြည်နယ်<br>အမျိုးသားလွှတ်တော်<br>ကိုယ်စားလှယ်အမှတ် (၉) | အဖွဲ့ဝင် |
| (ဃ) | ဦးအောင်ကြူနိုင် | တနင်္သာရီတိုင်းဒေသကြီး<br>အမျိုးသားလွှတ်တော်<br>ကိုယ်စားလှယ်အမှတ် (၁) | အဖွဲ့ဝင် |
| (င) | ဦးဇော်လွန်းအောင် | ချင်းပြည်နယ်<br>အမျိုးသားလွှတ်တော်<br>ကိုယ်စားလှယ်အမှတ် (၁၀) | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (စ) | ဦးခိုင်ဝင်းအောင် | ဧရာဝတီတိုင်းဒေသကြီး<br>အမျိုးသားလွှတ်တော်<br>ကိုယ်စားလှယ်အမှတ် (၃) | အဖွဲ့ဝင် |
| (ဆ) | ဒေါ်နော်ဖလောရင့်ဒယ်နီ | ကယားပြည်နယ်<br>အမျိုးသားလွှတ်တော်<br>ကိုယ်စားလှယ်အမှတ် (၁၀) | အဖွဲ့ဝင် |
| (ဇ) | ဒေါ်ခင်သန်းဦး | ဧရာဝတီတိုင်းဒေသကြီး<br>အမျိုးသားလွှတ်တော်<br>ကိုယ်စားလှယ်အမှတ် (၁၂) | အဖွဲ့ဝင် |
| (ဈ) | ဒေါ်ခင်ဆွေ | မကွေးတိုင်းဒေသကြီး<br>အမျိုးသားလွှတ်တော်<br>ကိုယ်စားလှယ်အမှတ် (၁၂) | အဖွဲ့ဝင် |
| (ည) | ဒေါ်မာရီအားမူ | ကယားပြည်နယ်<br>အမျိုးသားလွှတ်တော်<br>ကိုယ်စားလှယ်အမှတ် (၁၂) | အဖွဲ့ဝင် |
| (ဋ) | ဗိုလ်မှူးကြီးစိုးမြင့်အောင် | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဌ) | ဗိုလ်မှူးဒေါ်မော်မော်သန်း | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဍ) | ဗိုလ်ကြီးဒေါ်ခင်ရတနာထင်အောင် | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဎ) | ဗိုလ်ကြီးခိုင်စိုးလင်း | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဏ) | ဒေါ်ထားထားနု | ပဲခူးတိုင်းဒေသကြီး<br>အမျိုးသားလွှတ်တော်<br>ကိုယ်စားလှယ်အမှတ် (၃) | **အတွင်းရေးမှူး** |

၂။ ဤကော်မတီသည် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(ဇ) အရ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဖြစ်သည်။

**ကော်မတီ၏သက်တမ်း**

၃။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီ၏သက်တမ်း တစ်နှစ်ပြည့်မြောက်သည့် အခါတိုင်း ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက ကော်မတီအမည်ပြင်ဆင်ခြင်းနှင့် ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်ခြင်းတို့ ဆောင်ရွက်နိုင်သည်။

**ကော်မတီအစည်းအဝေးများ**

၄။ ကော်မတီအစည်းအဝေးများကို အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမည်။

**ကော်မတီ၏ တာဝန်များ**

၅။ ကော်မတီ၏တာဝန်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည် -

(က) လူငယ်၊ အမျိုးသမီး၊ ကလေးသူငယ်နှင့် သက်ကြီးရွယ်အိုများဘဝ ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရေး ကူညီဆောင်ရွက်ပေးရန်၊

( ခ ) လူငယ်များကို ခေါင်းဆောင်မှုအရည်အသွေးများ လေ့ကျင့်ပျိုးထောင်ရန်၊

( ဂ ) လူငယ်များ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ်မှန်ကန်ရေးနှင့် ဗလငါးတန်တိုးတက်ဖွံ့ဖြိုးရေးတို့အတွက် ဆောင်ရွက်ရန်၊

(ဃ) နိုင်ငံတကာနှင့် ရင်ဘောင်တန်းနိုင်မည့်ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် ပေါ်ထွန်းလာရေးအတွက် လူငယ်များက အဓိက အခန်းကဏ္ဍတစ်ရပ်မှနေ၍ စည်းလုံးညီညွတ်စွာဖြင့် ဦးဆောင်ပူးပေါင်း ကြိုးပမ်းဆောင်ရွက်လာနိုင်စေရန်၊

( င ) အမျိုးသမီးများအား ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေးနှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုနယ်ပယ်အသီးသီးတို့တွင် တန်းတူရည်တူရရှိရေး ကူညီဆောင်ရွက်ပေးရန်၊

( စ ) ဆင်းရဲမှုလျှော့ပါးရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတွင် အမျိုးသမီးများ ပါဝင်ဆောင်ရွက်မှု တိုးမြှင့်ရေးကို ကူညီဆောင်ရွက်ပေးရန်၊

(ဆ) ဆယ်ကျော်သက်အရွယ် ကလေးသူငယ်များ၏ဘဝ ဘက်စုံတိုးတက်ဖွံ့ဖြိုးရေးကို ကူညီဆောင်ရွက်ပေးရန်၊

( ဇ ) အရွယ်မရောက်သေးသော ကလေးသူငယ်များအား အလုပ်ခိုင်းစေခြင်း၊ စစ်မှုထမ်းဆောင်စေခြင်း၊ လူကုန်ကူးမှုနှင့် လိင်ကိစ္စဆိုင်ရာများတွင် အသုံးပြုခံရခြင်း၊ ကိုယ်အင်္ဂါအစိတ်အပိုင်းရောင်းဝယ်မှုများကို ကာကွယ်တားဆီးခြင်းတို့အတွက် ကူညီဆောင်ရွက်ပေးရန်၊

( ဈ ) လူငယ်များနှင့် အမျိုးသမီးများ အသက်မွေးဝမ်းကျောင်းပညာရပ်များနှင့် အလုပ်အကိုင်များ၊ အခွင့်အလမ်းများရရှိရေးကို ကူညီဆောင်ရွက်ပေးရန်၊

(ည) လူငယ်များ၊ အမျိုးသမီးများနှင့် ကလေးသူငယ်များကို လူကုန်ကူးမှု၊ ခေါင်းပုံဖြတ်ခံရမှုများအား တားဆီးနှိမ်နင်းရေးကို ကူညီဆောင်ရွက်ပေးရန်၊

( ဋ ) လူငယ်များ၊ အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ ကျန်းမာရေးနှင့်ပညာရေး၊ မိသားစုဘဝတည်ဆောက်မှု၊ ကလေးသူငယ်များစောင့်ရှောက်ရေးတွင် မိဘနှင့် မိသားစုများ၏ တာဝန်ရှိမှုတို့ကို ကူညီဆောင်ရွက်ပေးရန်၊

( ဌ ) သက်ကြီးရွယ်အိုများ ပြုစုစောင့်ရှောက်ရေးကို ကူညီဆောင်ရွက်ပေးရန်၊

( ဍ ) လူငယ်၊ အမျိုးသမီး၊ ကလေးသူငယ်နှင့် သက်ကြီးရွယ်အိုများအား အကြမ်းဖက်မှု ပပျောက်ရေးကို ကူညီဆောင်ရွက်ပေးရန်၊

( ဎ ) သဘာဝဘေးအန္တရာယ်၊ စစ်မက်အန္တရာယ်နှင့် အခြားအကြောင်းတစ်စုံတစ်ရာကြောင့် ဘေးဒုက္ခရောက်လျက်ရှိသော လူငယ်များ၊ အမျိုးသမီးများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ကူညီစောင့်ရှောက်ပေးရန်၊

(ဏ) ကိုယ်အင်္ဂါမသန်စွမ်းသော လူငယ်၊ အမျိုးသမီး၊ ကလေးသူငယ်နှင့် သက်ကြီးရွယ်အိုများ ပြုစုစောင့်ရှောက်ရေးကို ကူညီဆောင်ရွက်ပေးရန်၊

( တ ) လူငယ်၊ အမျိုးသမီး၊ ကလေးသူငယ်နှင့် သက်ကြီးရွယ်အိုများ အခွင့်အရေးကို မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်မှုရရှိရေးအတွက် နိုင်ငံတော်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများကို လေ့လာစောင့်ကြည့်၍ လိုအပ်သည်များ ပံ့ပိုးကူညီပေးခြင်းနှင့် ထိန်းညှိပေးခြင်း တို့ကို ဆောင်ရွက်ရန်၊

( ထ ) အပြည်ပြည်ဆိုင်ရာနှင့် ဒေသတွင်းဆိုင်ရာ လူငယ်၊ အမျိုးသမီး၊ ကလေးသူငယ်နှင့် သက်ကြီးရွယ်အိုများဆိုင်ရာ ပြဋ္ဌာန်းချက်များ၊ ကြေညာချက်များ၊ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်မှုကို လေ့လာသုံးသပ်ပြီး လိုအပ်ပါက ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့တင်ပြရန်၊

( ဒ ) မြန်မာနိုင်ငံတွင်ပြဋ္ဌာန်းထားသော လူငယ်များ၊ အမျိုးသမီးများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်ညွှန်ကြားချက်များနှင့်ပတ်သက်၍ ပြင်ဆင်ရန်၊ ပယ်ဖျက်ရန်၊ အသစ်ရေးဆွဲရန် လိုအပ်သည်ဟုတွေ့ရှိက ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့တင်ပြရန်၊

(ဓ) လူငယ်၊ အမျိုးသမီး၊ ကလေးသူငယ်နှင့် သက်ကြီးရွယ်အိုများဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ လွှတ်တော်၏ဆုံးဖြတ်ချက်အရ လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးအပ်လာလျှင် လိုအပ်သလိုလေ့လာစိစစ်၍ ကော်မတီ၏အစီရင်ခံစာကို ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ပြန်လည်တင်ပြရန်။

**ကော်မတီ၏လုပ်ပိုင်ခွင့်များ**

၆။ ကော်မတီ၏လုပ်ပိုင်ခွင့်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည် -

(က) ကော်မတီသည် မိမိတာဝန်များကိုဆောင်ရွက်ရာတွင် အစိုးရနှင့် အစိုးရမဟုတ်သော ပြည်တွင်းအဖွဲ့အစည်းများမှ တာဝန်ရှိသူများကို လည်းကောင်း၊ သက်ဆိုင်ရာအဖွဲ့အစည်းတို့မှ ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များကိုလည်းကောင်း ဖိတ်ကြားပြီး မေးမြန်းဆွေးနွေးနိုင်သည်၊

(ခ) ကော်မတီသည် အဖွဲ့ခွဲ၍ဖြစ်စေ၊ လိုအပ်သောပုဂ္ဂိုလ်များနှင့်ဖြစ်စေ၊ ပေါင်းစပ်ဖွဲ့စည်း၍ဖြစ်စေ လူငယ်များ၊ အမျိုးသမီးများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများဆိုင်ရာကိစ္စများနှင့်စပ်လျဉ်း၍ လိုအပ်သောဒေသများသို့ အမျိုးသားလွှတ်တော်ရုံး၏စီစဉ်မှုဖြင့် သွားရောက်လေ့လာဆောင်ရွက်နိုင်သည်၊

(ဂ) နိုင်ငံတော်အတွင်း ဖွဲ့စည်းထားရှိသော လူငယ်များ၊ အမျိုးသမီးများ၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့်စပ်ဆိုင်သော အသင်းအဖွဲ့၊ အစည်းအရုံး၊ ကော်မတီအဖွဲ့အစည်းများသို့ သွားရောက်လေ့လာ မေးမြန်းဆွေးနွေးနိုင်သည်၊

(ဃ) လူငယ်၊ အမျိုးသမီး၊ ကလေးသူငယ်၊ သက်ကြီးရွယ်အိုများနှင့်စပ်ဆိုင်သော ပြည်တွင်း အဖွဲ့အစည်းများနှင့်ပတ်သက်၍ ကော်မတီသည် လွတ်လပ်စွာတွေ့ဆုံဆွေးနွေးခြင်း၊ အခက်အခဲနှင့် လိုအပ်ချက်များမေးမြန်းခြင်း၊ ဥပဒေနှင့်ညီညွတ်သော အကြံဉာဏ်များ ပေးခြင်း၊ လိုအပ်သလိုပေါင်းစပ်ညှိနှိုင်းပေးခြင်းများ ပြုလုပ်ဆောင်ရွက်နိုင်သည်၊

(င) လူငယ်၊ အမျိုးသမီး၊ ကလေးသူငယ်၊ သက်ကြီးရွယ်အိုများနှင့် စပ်ဆိုင်သော ပြည်ပအဖွဲ့အစည်းများက ကော်မတီ သို့မဟုတ် ကော်မတီဝင်ထံသို့ ဆက်သွယ်လာလျှင် လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်နှင့်အညီ လက်ခံတွေ့ဆုံ ဆွေးနွေးညှိနှိုင်းခြင်း၊ သတင်းထုတ်ပြန်ခြင်းပြုလုပ်နိုင်သည်၊

(စ) ကော်မတီ၏ လေ့လာတွေ့ရှိချက်များကို ပြည်ထောင်စုအစိုးရအဖွဲ့ကဖြစ်စေ၊ တိုင်းဒေသကြီး ပြည်နယ်အစိုးရအဖွဲ့တို့ကဖြစ်စေ ပြုပြင်ပြောင်းလဲ စီစဉ်ဆောင်ရွက် ပေးရန်သင့်သော သို့မဟုတ် လိုအပ်သလို အရေးယူဆောင်ရွက်သင့်သော တွေ့ရှိ ချက်များရှိပါက လွှတ်တော်ဥက္ကဋ္ဌထံသို့ တင်ပြရမည်၊

(ဆ) ကော်မတီသည် လုပ်ငန်းနှင့်ပတ်သက်၍ ဆက်စပ်သက်ဆိုင်သည့် ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၊ တာဝန်ရှိသူများအား အမျိုးသားလွှတ်တော်ရုံးမှတစ်ဆင့် ဖိတ်ကြားဆွေးနွေးမှုပြုနိုင်သည်၊

(ဇ) ကော်မတီသည် လုပ်ငန်းနှင့်သက်ဆိုင်သည့် မူဝါဒများ၊ လုပ်ငန်းစဉ်များ၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များနှင့် စာရင်းဇယားများကို အမျိုးသားလွှတ်တော်ရုံးမှတစ်ဆင့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် တာဝန်ရှိသူများထံမှ တောင်းခံနိုင်သည်၊

(ဈ) ကော်မတီသည် လုပ်ငန်းနှင့်ပတ်သက်၍ အလုပ်ရုံဆွေးနွေးပွဲ (Workshop)၊ စာတမ်းဖတ်ပွဲများ၊ အခြားဌာနဆိုင်ရာနှင့် အဖွဲ့အစည်းများမှပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲ၊ စာတမ်းဖတ်ပွဲများကိုလည်း ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် တက်ရောက်နိုင်ခွင့်ရှိသည်၊

(ည) ကော်မတီသည် လိုအပ်သည့် နယ်မြေဒေသများသို့ သွားရောက်လေ့လာရန် ခရီးစဉ်နှင့် အုပ်ချုပ်မှုဆိုင်ရာလိုအပ်ချက်များကို ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်ဥက္ကဋ္ဌ ထံသို့ ခွင့်ပြုချက်ရယူရမည်။

**ကော်မတီ၏ ရပိုင်ခွင့်နှင့်အခွင့်အရေးများ**

၇။ ကော်မတီဝင်များသည် ကော်မတီလုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန် သို့မဟုတ် ကော်မတီအစည်းအဝေးတက်ရောက်ရန် ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏တာဝန်ပေးချက်အရ ခရီးသွားလာရာ၌လည်းကောင်း ယင်းတို့နှင့်သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့်စရိတ်များဆိုင်ရာ ဥပဒေပါရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် လွှတ်တော်ကသတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

၈။ ကော်မတီဝင်များသည် -

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေမှအပ တည်ဆဲ အခြားဥပဒေတစ်ရပ်ရပ်အရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်၊

( ခ )　ကော်မတီအစည်းအဝေးတက်ရောက်နေစဉ်အတွင်း လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်၊

( ဂ )　ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ လွှတ်တော်ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။

(ပုံ) အောင်လင်းဒွေး

ဥက္ကဋ္ဌ